၅။ အထခေါ၊ ထိုနတ်,ဗြဟ္မာအများစည်းဝေးသော အခါ၌၊ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန္တာ ငါးရာတို့ကို။ အာမန္တေသိ၊ ခေါ်၍ မိန့်တော်မူပြီး။ ကိံ အာမန္တေသိ၊ အသို့မိန့်တော်မူသနည်းဟူမူ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒသသုလောကဓာတူသု၊ ဆယ်ခုကုန်သော လောကဓာတ်တို့၌။ ဒါ၊ ကသောင်းသောစကြာဝဠာတို့ ၌။ ဝသန္တာ၊ နေကုန်သော၊ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည် တထာဂတံ၊ ငါဘုရားကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ရဟန္တာ ငါးရာအပေါင်းကိုလည်းကောင်း။ ဒဿနာယ၊ ဖူးမြော်ခြင်းငှါ။ ယေဘုယျေန သန္နိပတိတာ၊ များသောအားဖြင့်စည်းဝေး ရောက်လာကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အတီတမဒ္ဓါနံ၊ လွန်လေပြီးသောအခါ၌၊ အရဟန္တော၊ ပူဇော်အထူးကို ခံကော် မူထိုက် ကုန်သော။ ယေပိတေ သမ္မာသမ္ဗုဒ္ဓါ၊ အကြင်ဘုရားသခင်တို့သည် လည်း။ အဟေသုံ၊ ပွင့်တော်မူကုန်ပြီ။ တေသမ္ပိ ဘဂဝိ၊ ဥ ပမာနည်းသော ဘုရားတို့အား။ ဧတပရမာ၊ ယခုအခါ၌။ မယှံ၊ ငါဘု ရားငါ၏။ သန္တိကေ၊ အထံ၌။ ဒေဝတာ၊ နတ်,ဗြဟ္မာတို့ သည်။ သန္နိပတိတာ၊ စည်းဝေးရောက်လာကြကုန်သည် အဟေသုံ သေယျထာပိ၊ ဖြစ်ကုန်သကဲ့သို့။ တေသန္တိ ဘဂ ဝန္တော၊ ဂင်္ဂါ သဲသုံးမက ပွင့်တော်မူကုန်ပြီးသော ထိုဘု ရားသခင်တို့၏လည်း။ သန္တိကေ၊ အထံ၌။ ဧတပရမာ ယေဝ၊ ယခုငါ၏အထံ၌စည်းဝေးသည်လောက်ပမာဏ ရှိသည့် သာလျှင် ဖြစ်ကုန်သော။ ဒေဝတာ၊ နတ်ဗြဟ္မာ

တို့သည်၊ သန္နိပတိတာ စည်းဝေးလာရောက်ကုန်သည် အဟေသုံ၊ ဖြစ်ကုန်ပြီ၊ ဘိက္ခဝေ ရဟန်းတို့၊ အနာဂတမဒ္ဓါနံ၊ လာလတ္တံ့သောအခါနှင့်၌။ အရဟန္တော၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ ယေပိ တေ သမ္မာသမ္ဗုဒ္ဓါ၊ အကြင်ဘုရားသခင်တို့သည်လည်း၊ ဘဝိဿန္တိ၊ ပွင့်တော်မူကုန်လတ္တံ့။ သေယျထာပိ၊ ဥပမာ မည်သည်ကား၊ ဧတရဟိ၊ ယခုအခါ၌၊ မယှံ၊ ငါဘုရား၏။ သန္တိကေ အထံ၌၊ ဒေဝတာ၊ နတ်ဗြဟ္မာတို့သည်။ သန္နိပတိတာ၊ စည်းဝေး လာရောက်ကုန်သည်။ အဟေသုံ သေယျထာပိ၊ ဖြစ်ကုန်သကဲ့သို့။ တေသမ္ပိ ဘဂဝန္တာနံ၊ ဂင်္ဂါသဲလုံးမက ပွင့်တော်မူလတ္တံ့ကုန်သော ထိုဘုရားသခင် တို့၏လည်း။ သန္တိကေ၊ အထံ၌။ ဧတံပရမာယေဝ၊ ယခု ငါ၏အထံ၌ စည်းဝေးသည်လောက် ပမာဏ ရှိသည်သာလျှင်ဖြစ်ကုန်သော။ ဒေဝတာ နတ်ဗြဟ္မာတို့သည်။ သန္နိပတိတာ၊ စည်းဝေး လာရောက်ကုန်သည် ဘဝိဿန္တိ ဖြစ်ကုန်လတ္တံ့။

ဘိက္ခဝေ ရဟန်းတို့၊ ဒေဝကာယာနံ၊ နတ် ဗြဟ္မာအပေါင်းတို့၏၊ နာမာနိ၊ အမည်တို့ကို၊ အာစိက္ခိဿာမိ၊ ငါဘုရားပြောအံ့။ ဘိက္ခဝေ ရဟန်းတို့။ ဒေဝကာယာနံ၊ နတ်ဗြဟ္မာအပေါင်းတို့၏၊ နာမာနိ အမည်တို့ကို။ ကိတ္တယိဿာမိ၊ ငါဘုရားကြားအံ့၊ ဘိက္ခဝေရဟန်းတို့၊ ဒေဝကာယာနံ၊နတ်ဗြဟ္မာအပေါင်းတို့၏၊နာမာနိအမည်တို့ကို

ဒေသိဿာမိ၊ ငါဘုရားဟောအံ့၊ တေ၊ ထိုငါဘုရားဟော
ပြောလတ္တံ့သော စကားကို၊ သုဏာထ၊ နားခံစေ့စေ
ထောင်ကုန်လော့၊ သာဓုကံ၊ ကောင်းစွာ၊ မနသိကရောထ၊
နှလုံးသွင်းကြကုန်လော့၊ ဘာသိဿာမိ ဟောအံ့၊ ဣတိ၊
ဤသို့၊ အာမန္တေသိ၊ မိန့်တော်မူပြီ၊ ဘဂဝါ၊ အရှင်ဘုရား
ငံ၊ မိန့်တော်မူသည့် အဘိုင်းပါဘုရား။ ဣတိခေါ၊ ဤသို့
သျှင်။ တေဘိက္ခူ၊ ထိုရဟန္တာငါးရာတို့သည်၊ ဘဂဝ
တော၊ မြတ်စွာဘုရား၏၊ ဝစနံ၊ အမိန့်တော်ကို၊ ပစ္စဿော
သုံ၊ ရှေးရှုနှစ်ခံကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ၊
ဝစနံ၊ ယခု ဆိုလတ္တံ့သော၊ သိလောကမနုကဿာမိ၊
အစရှိသော ဤစကားကို၊ အဝေါစ၊ မိန့်တော်မူပြီ။

၆။ ယတ္ထ၊ အကြင်အကြင်-အရပ်တို့၌။ ဘုမ္မာ၊ မြေနှင့်
စပ်ဆိုင်၍နေလေ့ရှိကုန်သောနတ်တို့သည်။ တဒသိတာ၊
ထိုထိုအရပ်ကိုမှီ၍နေကုန်၏။ တေဟိ၊ ထိုမြေနှင့်စပ်ဆိုင်၍
နေလေ့ရှိကုန်သောနတ်တို့နှင့်၊ သဒ္ဓိံ၊ တကွ၊ သိလောကံ၊
ဂါထာကို၊ အနုကဿာမိ၊ ငါဘုရားဖြစ်စေအံ့၊ ယေ၊
ဘိက္ခူ၊ အကြင် ရဟန္တာ ငါးရာတို့သည်၊ ဂိရိဂဗ္ဘရံ၊
တောင်ခေါင်းတောင်ဂှမ်းကို၊ သိတာ၊ အမှီပြု၍နေကုန်၏။
ပဟိတတ္တာ နိဗ္ဗာန်သို့ စေလွှတ်တတ်သော စိတ်ရှိကုန်၏၊
သမာဟိတာ တည်ကြည်ကုန်၏။ ပုထူ၊ ငါးရာအရေအ
တွက်ရှိသည်ဖြစ်၍ များပြားကုန်၏၊ သီဟာဝ၊ ကေသ
ရာဇာ ခြင်္သေ့မင်းကဲ့သို့၊ သလ္လီနာ ကိန်းအောင်းကုန်၏။

လောမဟံသာဘိသန္နုနော၊ ကြောက်ခြင်းကို လွှမ်းမိုး၍
တည်ကုန်၏။ ဩဒါတမနသာ၊ ဖြူစင်သော စိတ်ရှိကုန်
သည်ဖြစ်၍၊ သုဒ္ဓါ စင်ကြယ်ကုန်၏၊ ပသန္နာ၊ အထူးသ
ဖြင့် ကြည်လင်ကုန်၏၊ အနာဝလာ နောက်ကျုခြင်း
မရှိကုန်။

၇။ ကပိလဝတ္ထုဝေ၊ ကပိလဝတ်ပြည်၏ အနီး ဖြစ်
သော။ ဝနေ၊ မဟာဝုန်တော၌။ ဝသန္တော သီတင်းသုံး
နေကုန်သော။ ဘိယော ပဉ္စသတေ၊ မြတ်စွာဘုရားနှင့်
တကွ ငါးရာထက် တပါးပိုလွန်ကုန်သော။ တေဘိက္ခူ၊
ထိုရဟန္တာတို့ကို။ ဥဿာ၊ ဤရဟန်းတို့ကား- ဒိဗ္ဗစက္ခု
အဘိညာဉ်ဖြင့်၊ နတ်ဗြဟ္မာ အပေါင်းတို့ကို မြင်နိုင်ကုန်
၏ဟု၊ သိတော်မူ၍။ တဒါ၊ ထိုအခါ၌။ သာသနေ၊
သိက္ခာသုံးပါးဖြင့် သင်ကြားအပ်သော သာသနာတော်၌။
ရတေ၊ မွေ့လျော် ပျော်ပိုက်ကုန်သော။ သာဝကေ၊ ရ
ဟန္တာ ငါးရာ သာဝကတို့ကို။ သတ္ထာ၊ မြတ်စွာဘုရား
သည်။ အာမန္တယိ၊ ခေါ်၍မိန့်တော်မူ၏။ ကိံ အာမန္တယိ။
အသို့ခေါ်၍မိန့်တော်မူသနည်းဟုမူ။ ဘိက္ခဝေ၊ ရဟန်းတို့၊
ဒေဝကာယာ နတ်ဗြဟ္မာအပေါင်းတို့သည်။ အဘိက္ကန္တာ
စည်းဝေးလာရောက်ကုန်၏၊ တေ၊ ထိုနတ်ဗြဟ္မာအပေါင်း
တို့ကို။ တုမှေ၊ သင်ရဟန်း ငါရတို့သည်။ ဝိဇာနထ၊ သိ
အောင် ပြုကုန်လော့။ ဣတိ၊ ဤသို့။ အာမန္တယိ၊ ခေါ်
၍မိန့်တော်မူ၏။ တေပိ၊ ထိုရဟန္တာ ငါးရာတို့သည်လည်း
ဗုဒ္ဓဿ မြတ်စွာဘုရား၏။ သာသနံ၊ အမိန့်တော်ကို။

သုတွာ၊ ကြွားကုန်၍။ အာဝါသံ။ ဗိမာန်ကျွန်း၊ အဘိညာဉ် အကျိုးငှါ ဒိဋ္ဌိယင်း၊ အောင်ရုံးပြုကုန်ပြီ။

၈။ တေသံ၊ ထိုရဟန္တာငါးရာတို့အား၊ အာမန္တသောနံ၊ နတ်ပြဟ္မာအပေါင်းတို့ကို။ ဒေသိနံ မြင်ခွမ်းနိုင်သော ဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်သည်။ ပါတုရဟု ထင်ရှားဖြစ်ပြီ။ တေသံ၊ ထိုရဟန္တာငါးရာတို့တွင်။ အနေ ကော၊ အချို့သော ရဟန္တာတို့သည်။ သတံ ဟာသံ နတ်ပြဟ္မာ တရာလောက်ကို အဒ္ဒက္ခုံ၊ ဒိဗ္ဗစက္ခုဖြင့် မြင်ကုန်ပြီ။ အနေ ကေ အချို့သော ရဟန္တာတို့သည် သဟဿံ၊ နတ်၊ ပြဟ္မာ တထောင် လောက်ကို။ အဒ္ဒက္ခုံ၊ ဒိဗ္ဗစက္ခုဖြင့် မြင်ကုန်ပြီ၊ အသ တို့မှတပါ။ အနေ ကော၊ အချို့သော ရဟန္တာတို့သည်။ သတ္တရိသဟဿာနိ၊ ခုနစ်သောင်း လောက်သော နတ်ပြဟ္မာတို့ကို။ အဒ္ဒက္ခုံ၊ ဒိဗ္ဗစက္ခုဖြင့် မြင်ကုန်၏။

(သတ္တတိ၊ ဟု ဆိုလိုလျှက်- 'တ' အက္ခရာကို 'ရ' ပြု၍၊ သတ္တရိ' ဟု ရှိသည်၊ တကာရဿ ရကာရ ဒေသံကတွာဝုတ္တံ။ ။ဋီကာ။)

အနေ ကော၊ အချို့သော ရဟန္တာတို့သည်၊ အမနုဿာနံ နတ်ပြဟ္မာတို့၏။ သတသဟဿံ၊ တသိန်း လောက်ကို၊ အဒ္ဒက္ခုံ၊ ဒိဗ္ဗစက္ခုဖြင့် မြင်ကုန်ပြီ၊ အနေ ကော အချို့သော ရဟန္တာတို့သည်။ အနန္တံ၊ အပိုင်းအခြား မရှိသော နတ်ပြဟ္မာ အပေါင်းကို။ အဒ္ဒက္ခုံ၊ ဒိဗ္ဗစက္ခုဖြင့် မြင်ကုန်၏။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော၊ ဒိသာ၊ အရပ်မျက်နှာ တို့သည်။ ဖုဋ္ဌာ၊ နတ်ပြဟ္မာတို့ဖြင့် ပြည့်နှက်၍နေသည်၊ အဟု၊ ဖြစ်ပြီ၊

၉။ စက္ခုမာ၊ စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော။ သဗ္ဗညူ၊ မြတ်စွာဘုရားသခင်သည်။ တေသု၊ ထိုရဟန္တာ ငါးယောက်တို့တွင်၊ ဧကေကေန၊ တပါးတပါးသည်။ ဒိဋ္ဌ၊ မြင်အပ်သော။ တဥ္စသဗ္ဗံ၊ ထိုအလုံးစုံကိုလည်း၊ အဘိညာယ သိတော်မူ၍။ ဝေက္ခိတွာန၊ အသီးသီး ရှုဆင်ခြင်တော်မူ၍။ တတော၊ ထိုနောင်မှ။ သာသနေ၊ သိက္ခာ သုံးပါးဖြင့် သင်္ဂြိုဟ် အပ်သော သာသနာတော်၌။ ရတေ၊ မွေ့လျော် ပျော်ပိုက်ကုန်သော။ သာဝကေ၊ ရဟန္တာငါးရာသာဝက တို့ကို။ အာမန္တယိ၊ ခေါ်၍မိန့်တော်မူပြီ။ ကိံ အာမန္တယိ၊ အသို့ခေါ်၍ မိန့်တော်မူသနည်းဟူမူ။ ဘိက္ခဝေ၊ ရဟန်းတို့ ဒေဝကာယာ၊ နတ်ဗြဟ္မာအပေါင်းတို့သည်။ အဘိက္ကန္တာ စည်းဝေးလာရောက်ကုန်၏။ ယေ ဒေဝကာယေ၊ အကြင် နတ်ဗြဟ္မာ အပေါင်းတို့ကို။ ဂိရာဟိ၊ စကားတို့ဖြင့်။ အနုပုဗ္ဗသော၊ အစဉ်အတိုင်း။ အဟံ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့အား။ ကိတ္တယိဿာမိ၊ ကြားပေအံ့။ တေဒေဝကာယေ၊ ထိုနတ်ဗြဟ္မာအပေါင်းတို့ကို။ တုမှေ၊ သင်ရဟန်းတို့သည် ဝိဇာနာထ၊ ဒိဗ္ဗစက္ခုဖြင့် သိအောင် မြင်အောင် ပြုကြကုန်လော့။

၁၀။ သတ္တသဟဿာ၊ ခုနစ်ထောင် အရေအတွက် ရှိကုန်သော။ တေဒေဝကာယာ၊ ထိုနတ်ဗြဟ္မာအပေါင်း တို့သည်။ ကပိလဝတ္ထဝါ၊ ကပိလဝတ်ပြည်ကိုမှီ၍ ဖြစ်ကုန်သော။ ဘုမ္မာ၊ မြေနှင့် စပ်ဆိုင်၍ နေလေ့ရှိကုန်သော

ယက္ခာ၊ ယက္ခမျိုးတို့ချည်းတည်း။ ဣဒ္ဓိမန္တော၊ တန်ခိုးကြီး
ကုန်၏။ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊
ကိုယ်ရောင်ကိုယ်ဝါနှင့်ပြည့်စုံကုန်၏။ ယသဿိနော၊ များ
သော အခြံအရံရှိကုန်၏။ မောဒမာနာ၊ ဝမ်းမြောက်ကုန်
သည်ဖြစ်၍၊ ဘိက္ခူနံ၊ ရဟန်းတော်တို့၏၊ သမိတိံ၊ အထံ
သို့။ ဘိက္ခုနံ၊ ရဟန်းတော်တို့ကို။ ဒဿနာယ၊ ဖူးမြင်
ခြင်းငှာ။ ဝနံ၊ ဤမဟာဝုန်တောသို့။ အဘိက္ကာမုံ၊ လာရောက်
ကုန်၏။ ဘနည်းကား။ ဘိက္ခုနံ၊ ရဟန်းတော် ငါးရာတို့၏။
သမိတိံ၊ အပေါင်းကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှာ၊ ဝနံ၊
ဤမဟာဝုန်တောသို့။ အဘိက္ကာမုံ၊ လာရောက်ကုန်၏။

(ရှေ့နည်း အလို၊ သမိတိံ သဒ္ဒါ အနီးဟော။
နောက်နည်းအလို၊ အပေါင်းဟော။ ။ဝဝေက္ခိတွာ
နာဘိညာတစက္ခုနာ ဗိသုံဗိသုံ အဝေက္ခိတွာ၊ ပဝေ
က္ခိတွာနာတိပိပဌန္တိ၊ ဟု-ဋီကာဖွင့်ရကား။ ပဝေ
က္ခိတွာနဟုသင့်သည်။ ။ဘုမ္မာတိဘုမ္မာဒေဝတာ
အဋ္ဌကထာ။ ။ဘုမ္မာတိ ဘုမိ ပဋိဗဒ္ဓ နိဝါသာ၊ ဋီ
ကာ၊ ဘူမိသံ ဘဝါ ဘုမ္မာ၊ ဟုပြု။ မြေနှင့်စပ်၍ဖြစ်
သော။ မြေနှင့်စပ်၍ နေလေ့ရှိသော နတ်တို့သည်
ဘုမ္မဇိုင်း မည်ကုန်၏။ ထို့ကြောင့် ဘုမ္မ၊ ဟုဒေ
တော်နှင့် ပိုသည်။ ။ယက္ခာတိ ယက္ခ ဇာတိ
ကာဝေ…ကာ။ ။ထို့ကြောင့် ဘုမ္မဇိုင်း နတ်ဟူ
သရွေ့ သည်၊ ယက္ခမျိုးချည်းဖြစ်သည်ဟုလို။

ယက္ခ သဒ္ဒါ ကို ဘီလူးဟူ၍ အနက်ပြန်ကြ၏။ ဆင်ခြင်)။

၁၁။ ဆသဟဿာ၊ ခြောက်ထောင် အရေအတွက်ရှိကုန်သော နတ်တို့သည်။ဟေမဝတာ၊ဟေမဝတတောင်၌ဖြစ်ကုန်၏။ ယက္ခာ၊ ယက္ခ မျိုးဘီလူးတည်း။သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ၊ ထို ခြောက်ထောင်သော နတ်ဘီလူးတို့သည်။ နာနတ္တ ဝဏ္ဏိနော၊ အညီ အနေကဝ သောအားဖြင့် အထူးထူး အဆွေဆွေအဆင်းရှိကုန်၏။ဣဒ္ဓိမန္တော၊ တန်းခိုးကြီးကုန်၏။ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့်ပြည့်စုံကုန်၏၊ ယသဿိနော၊ များသောအခြံအရံရှိကုန်၏။ မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ဘိက္ခုနံ သမိတိံ၊ ရဟန်းတော်တို့၏အပေါင်းကို။ ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းငှါ။ ဝနံ၊ ဤမဟာဝုန်တောသို့။အဘိက္ကာမုံ၊လာရောက်ကုန်ပြီ။

၁၂။ တိသဟဿာ၊သုံးထောင်အရေ အတွက်ရှိကုန်သော နတ်တို့သည်၊ သာတာဂိရာ၊ သာတာဂီရိတောင်၌ဖြစ်ကုန်၍။ယက္ခာ၊ယက္ခမျိုးဘီလူးတည်း။တေသဗ္ဗေပိ၊ ထိုအလုံးစုံသော နတ်တို့သည်လည်း။ နာနတ္တဝဏ္ဏိနော၊ အညီ,အနေကဝသောအားဖြင့်အထူးထူးအဆွေဆွေ အဆင်းရှိကုန်၏။ ဣဒ္ဓိမန္တော၊ တန်းခိုးကြီးကုန်၏။ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့်ပြည့်စုံကုန်၏၊ ယသဿိနော၊ များသောအခြံအရံရှိကုန်၏၊ မောဒမာနာ၊ ဝမ်းမြောက် ကုန်သည်ဖြစ်၍။ ဘိက္ခုနံ

သမိတိ၊ ဝေဟပ္ဖလာငါးရာတို့၏အပေါင်းကို။ ဒသဿနဖြာယ၊
ဖူးမြင်ခြင်းငှာ။ ဝနံ၊ ဤမဟာဝုန်တောသို့၊ အဘိက္ကာမုံ၊ လာ
ရောက်ကုန်ပြီ။

၁၃။ ဇုစ္ဆေတော၊ ကပိလဝတ်ပြည်ကို မှီ၍ ဖြစ်သော
နတ်အပေါင်းခုနစ်ထောင်၊ ဟေမဝတတောင်၌ ဖြစ်သော
နတ် အပေါင်းခြောက်ထောင်၊ သာတာဂိရိတောင်၌ ဖြစ်
သော နတ်အပေါင်းသုံးထောင်ဟုဆိုအပ်ကုန်သော ဤနတ်
အပေါင်း တို့သည်။ သောဠသ သဟဿာ၊ တသောင်း
ခြောက်ထောင်အရေအတွက်ရှိကုန်၏။ ယက္ခာ၊ ယက္ခမျိုး
တို့ချည်းဖြစ်ကုန်၏။ တေသဒွေပိ၊ ထိုတသောင်းခြောက်
ထောင်သော နတ်အပေါင်းတို့သည်လည်း။ နာနတ္တဝဏ္ဏိ
နော၊ အညို၊ အရွှေ စသောအားဖြင့်အထူးထူးအထွေထွေ
အဆင်း ရှိကုန်၏။ ဣဒ္ဓိမန္တော၊ တန်းခိုးကြီး ကုန်၏။ ဇုတိ
မန္တော။ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်
ကိုယ်ဝါနှင့် ပြည့်စုံကုန်၏။ ယသဿိနော၊ များသော အခြံ
အရံရှိကုန်၏။ မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍
ဘိက္ခုနံ သမိတိ၊ ဝေဟပ္ဖလာငါးရာတို့၏ အပေါင်းကို။ ဒဿ
နဖြာယ။ ဖူးမြင်ခြင်းငှာ၊ ဝနံ ဤမဟာဝုန် တောသို့။ အ
ဘိက္ကာမုံ၊ လာရောက်ကုန်ပြီ။

၁၄။ ပဉ္စသတာ၊ ငါးရာအရေအတွက် ရှိကုန်သော
နတ်တို့သည်၊ ဝေဿမိတ္တာ၊ ဝေဿမိတ္တတောင်၌ ဖြစ်
ကုန်၏။ ယက္ခာ၊ ယက္ခမျိုးတို့ ချည်းတည်း။ တေသဒွေပိ၊
ထိုငါးရာသောနတ်တို့ သည်လည်း။ နာနတ္တဝဏ္ဏိနော၊

အညို့၊ အရွှေစသော အား၊ ဖြင့်အထူးထူးအထွေထွေအဆင်း ရှိကုန်၏။ မဟိဒ္ဓိကာ၊ တန်ခိုးကြီးကုန်၏၊ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါ နှင့်ပြည့်စုံကုန်၏၊ ယသဿိနော၊ များသော အခြံအရံ ရှိကုန်၏၊ မောဒမာနာ၊ ဝမ်းမြောက် ကုန်သည် ဖြစ်၍။ ဘိက္ခူနံ သမိတိံ။ ရဟန္တာ ငါးရာတို့၏ အပေါင်းကို။ ဒဿနတ္ထာယ ရှုမြင်ခြင်းငှါ၊ ဝနံ၊ ဤမဟာ ဝုန်တောသို့။ အာဂမုံ၊ လာရောက်ကုန်ပြီ။

၁၅။ ကုမ္ဘီရော၊ ကုမ္ဘီရမည်သောနတ်မင်းသည်၊ ရာဇဂဟိကော၊ ရာဇဂြိုဟ်ပြည်၌ဖြစ်၏၊ အဿ၊ ထိုနတ်မင်း၏။ နိဝေသနံ၊ နေရာအရပ်ကား။ ဝေပုလ္လော၊ ဝေပုလ္လတောင် တည်း။ နံ၊ ထိုကုမ္ဘီရနတ်မင်းကို။ ယက္ခာနံ၊ ယက္ခမျိုးဖြစ် ကုန်သော နတ်တို့၏။ သတသဟဿဘိယျော၊ တသိန်း တက်အလွန်သည်။ ပယိရုပါသတိ၊ ဆည်းကပ်ခစား၏။ ရာဇဂဟိကော၊ ရာဇဂြိုဟ်ပြည်၌ ဖြစ်သော။ ကုမ္ဘီရော၊ ကုမ္ဘီရအမည်ရှိသော။ သောပိ၊ ထိုနတ်မင်းသည်လည်း သပရိဝါရော၊ အခြံအရံနှင့်တကွ။ သမိတိံ၊ ရဟန္တာငါးရာ တို့၏ အပေါင်းကို။ ဒဿနတ္ထာယ၊ ရှုမြင်ခြင်းငှါ။ ဝနံ၊ ဤမဟာဝုန်တောသို့။ အာဂ၊ လာရောက်ပြီ။

၁၆။ ဓတရဋ္ဌော၊ ဓတရဋ္ဌအမည်ရှိသော။ ရာဇာ၊ နတ် မင်းသည်။ ပုရိမံ ဒိသံ၊ မြင်းမိုရ်တော်၏ အရှေ့ အရပ် မျက်နှာကို။ ပသာသတိ၊ ဆုံးမ၏။ ဂန္ဓဗ္ဗာနံ၊ ဂန္ဓဗ္ဗနတ်မျိုး တို့ကို။ အဓိပတိ၊ အစိုးရ၏။ သော မဟာရာဇာ၊ ထိုဓတရဋ္ဌ

နတ်မင်းသည်၊ ယသဿီ၊ များသော အခြံအရံရှိ၏။ ။ တဿ၊ ထိုဓတရဋ္ဌနတ်မင်း၏၊ ဗဟဝေါ၊ များစွာကုန်သော မဟာဗလာ၊ ကြီးသောအားရှိကုန်သော။ ပုတ္တာပိ၊ သားတို့သည်လည်း။ ဣန္ဒနာမာ၊ ဣန္ဒဟူသောအမည်ချည်းရှိကုန်၏၊ ဆဋ္ဌိမန္တော၊ တန်ခိုးကြီးကုန်၏။ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့် ပြည့်စုံကုန်၏။ ယသဿိနော များသောအခြံအရံ ရှိကုန်၏၊ မောဒမာနာ ဝမ်းမြောက်ကုန်သည်ဖြစ်၍၊ ဘိက္ခုနံသမိတိံ၊ ရဟန္တာ ပါးရာတို့၏ အပေါင်းကို၊ ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းငှါ။ ဝနံ၊ ဤမဟာဝုန်တောသို့၊ အဂိုက္ကာရုံ၊ လာရောက်ကုန်ပြီ။

၁၇။ ဝိရူဠှော၊ ဝိရူဠှမည်သော။ ရာဇာ၊ နတ်မင်းသည် ဒက္ခိဏံ၊ မြင်းမိုရ်တောင်၏တောင်ဖက်ဖြစ်သော။ ဒိသံ၊ ထိုမျက်နှာကို။ ပသာသတိ၊ ဆုံးမ၏၊ ကုမ္ဘဏ္ဍာနံ ကုမ္ဘဏ်တို့ကို၊ အဓိပတိ၊ အစိုးရ၏။ သော မဟာရာဇာ၊ ထိုဝိရူဠှနတ်မင်းကြီးသည်၊ ယသဿီ၊ များသောအခြံအရံရှိ၏။ ။ တဿ၊ ထိုဝိရူဠှနတ်မင်း၏၊ ဗဟဝေါ၊ များစွာကုန်သော၊ မဟာဗလာ၊ ကြီးသောအားရှိကုန်သော၊ ပုတ္တာပိ၊ သားတို့သည်လည်း။ ဣန္ဒနာမာ၊ ဣန္ဒဟူသောအမည်ချည်းရှိကုန်၏။ ဆဋ္ဌိမန္တော၊ တန်ခိုးကြီးကုန်၏။ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့် ပြည့်စုံကုန်၏၊ ယသဿိနော၊ များသော အခြံအရံ ရှိကုန်၏။ မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘိက္ခုနံသမိ

တိံ၊ ရဟန္တာငါးရာတို့၏ အပေါင်းကို။ ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းငှါ။ ဝနံ၊ ဤမဟာဝန်တောသို့။ အဘိက္ကာမုံ၊ လာရောက်ကုန်ပြီ။

၁၈။ ပစ္ဆိမဉ္စဒိသံ၊ မြင်းမိုရ်တော်၏ အနောက်ဘက်ဖြစ်သောမျက်နှာကိုမူကား။ ဝိရူပက္ခော၊ ဝိရူပက္ခမည်သော၊ ရာဇာ၊ နတ်မင်းသည်။ ပသာသတိ၊ ဆုံးမ၏၊ နာဂါနံ၊ နဂါးတို့ကိုလည်း။ အဓိပတိ၊ အစိုးရ၏။ သော မဟာရာဇာ၊ ထိုဝိရူပက္ခနတ်မင်းသည်။ ယသဿီ၊ များသောအခြံအရံရှိ၏။ ။တဿ၊ ထိုဝိရူပက္ခနတ်မင်း၏။ ဗဟဝေါ၊ များစွာကုန်သော။ မဟဗ္ဗလာ၊ ကြီးသောအားရှိကုန်သော ပုတ္တာပိ၊ သားတို့သည်လည်း၊ ဣန္ဒနာမာ၊ ဣန္ဒဟူသော၊ အမည်ချည်း ရှိကုန်၏၊ ဣဒ္ဓိမန္တော၊ တန်ခိုးကြီးကုန်၏။ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့်ပြည့်စုံကုန်၏။ ယသဿိနော၊ များသော အခြံအရံရှိကုန်၏။ မောဒမာနာ၊ ဝမ်းမြောက် ကုန်သည်ဖြစ်၍။ ဘိက္ခူနံ သမိတိံ၊ ရဟန္တာငါးရာတို့၏ အပေါင်းကို။ ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းငှါ။ ဝနံ၊ ဤမဟာဝန်တောကို။ အဘိက္ကာမုံ၊ လာရောက်ကုန်ပြီ။

၁၉။ ဥတ္တရဉ္စ၊ မြင်းမိုရ်တောင်၏မြောက်ဘက်ဖြစ်သော ဒိသံ၊ ထိုမျက်နှာကိုမူကား။ ကုဝေရော၊ ကုဝေရမည်သော။ ရာဇာ၊ နတ်မင်းသည်။ ပသာသတိ၊ ဆုံးမ၏၊ ယက္ခါနံ၊ ယက္ခဘီလူးဖြစ်သောနတ်တို့လည်း။ အဓိပတိ၊ အစိုးရ၏၊ သော မဟာရာဇာ၊ ထိုကုဝေရနတ်မင်းသည်။ ယသဿီ၊

များသောအခြံအရံရှိ၏။ ။တသ၊ ထိုကုဝေရနတ်မင်း၏။ ဗဟဝေါ၊များစွာကုန်သော။ မဟဗ္ဗလာ၊ ကြီးသောအားရှိကုန်သော။ ပုတ္တာပိ၊ သားတို့သည်လည်း၊ ' ဣန္ဒနာမာ၊ ဣန္ဒဟူသော အမည်ချည်းရှိကုန်၏။ ဣဒ္ဓိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့်ပြည့်စုံကုန်၏။ ယသဿိနော၊ များသောအခြံအရံရှိကုန်၏။ မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍၊ ဘိက္ခုနံ သမိတိံ၊ ရဟန်းတို့၏အပေါင်းကို ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းငှါ၊ ဝနံ၊ ဤမဟာဝုန်တောသို့။ အဂမံသု၊ လာရောက်ကုန်ပြီ။

(ဓတရဋ္ဌနတ်မင်းသည်မြင်းမိုရ်တောင်၏ အရှေ့မျက်နှာ၌နေ၍၊ ဂန္ဓဗ္ဗနတ်မျိုးတို့ကိုအစိုးရ၏။ ဝိရုဠှကနတ်မင်းသည် တောင်မျက်နှာ၌ နေ၍။ ကုမ္ဘဏ်တို့ကိုအစိုးရ၏။ ဝိရူပက္ခနတ်မင်းသည် အနောက်မျက်နှာ၌နေ၍၊ နဂါးတို့ကိုအစိုးရ၏။ ကုဝေရနတ်မင်းသည် မြောက်မျက်နှာ၌ နေ၍။ ယက္ခမျိုးတို့ကိုအစိုးရ၏။ ။ထိုနတ်မင်းကြီး လေးယောက်တို့အား သားဘရာ့တယောက်စီရှိကုန်၏။ ထိုသားတို့၏အမည်ကိုလည်းအခြားမရှာမူ၍ သိကြားမင်း၏အမည်ကိုယူပြီးလျှင်၊ ဣန္ဒ အမည်ချည်း မှည့်ကုန်၏)။

၂၀။ ဒသ သဟဿ စက္ကဝါဠတော၊ တသောင်းသောစကြာဝဠာမှ။ အာဂတော၊ လာသော။ ဓတရဋ္ဌော၊ တသောင်းသော ဓတရဋ္ဌ နတ်မင်းသည်။ ကောဋိသတ သဟဿ၊ ကောဋိသတသဟဿဂန္ဓဗ္ဗပရိဝါရော၊ ကုဋေ တသိန်း ကုဋေ ဘသိန်းစီ ဂန္ဓဗ္ဗနတ်မျိုး အခြံအရံ ရှိသည် ဖြစ်၍၊ ပုရိမံဒိသံ၊ မြတ်စွာဘုရားအရှေ့ အရပ်၌။ ကပိလဝတ္ထု မဟာဝနတော၊ ကပိလဝတ်ပြည်၏ အနီးဖြစ်သော မဟာဝုန်တောမှ။ ပဋ္ဌာယ၊ စ၍။ စက္ကဝါဠဂဗ္ဘံ၊ စကြာဝဠာတိုက်ကို။ ပူရေတွာ၊ ပြည့်စေ၍။ ဌိတော၊ တည်၏။

ဒသသဟဿ စက္ကဝါဠတော၊ တသောင်းသောစကြာဝဠာမှ။ အာဂတော၊ လာသော။ ဝိရူဠှကော၊ တသောင်းသော ဝိရူဠှက နတ်မင်းသည်။ ကောဋိသတ သဟဿ ကောဋိသတ သဟဿ ကုမ္ဘဏ္ဍပရိဝါရော၊ ကုဋေတသိန်း ကုဋေတသိန်းစီ ကုမ္ဘဏ်အခြံအရံ ရှိသည်ဖြစ်၍။ ဒက္ခိဏာနံ၊ မြတ်စွာဘုရား၏ တောင်မျက်နှာ၌ ကပိလဝတ္ထု မဟာဝနတော၊ ကပိလဝတ်ပြည်အနီး ဖြစ်သော မဟာဝုန်တောမှ။ ပဋ္ဌာယ၊ စ၍။ စက္ကဝါဠဂဗ္ဘံ၊ စကြာဝဠာတိုက်ကို။ ပူရေတွာ၊ ပြည့်စေ၍။ ဌိတော၊ တည်၏။

ဒသသဟဿစက္ကဝါဠတော၊ တသောင်းသောစကြာဝဠာမှ။ အာဂတော၊ လာသော။ ဝိရူပက္ခော၊ တသောင်းသော ဝိရူပက္ခနတ်မင်းသည်။ ကောဋိ သတ သဟဿ

ကောဋိသတ သဟဿ နာဂပရိဝါရော၊ ကုဋေတသိန်း
ကုဋေတသိန်းစီ နဂါးအခြံအရံရှိသည်ဖြစ်၍။ ပစ္ဆိမေန၊
မြတ်စွာဘုရား၏ အနောက်မျက်နှာ၌။ ကပိလဝတ္ထုံ မဟာ
ဝနတော၊ ကပိလဝတ်ပြည်၏ အနီးဖြစ်သော မဟာဝုန်
တောမှ။ ပဉ္စာယ၊ ၍။ စက္ကဝါဠ ဥပါဂမုံ၊ စကြဝဠာတိုက်ကို။
ပူရေတွာ၊ ပြည့်စေ၍။ ဌိတော၊ တည်၏။

ဒသသဟဿံ စက္ကဝါဠတော၊ တသောင်းသော စကြ
ဝဠာမှ။ အာဂတော၊ လာသော။ ကုဝေရော၊ တသောင်း
သောကုဝေရနတ်မင်းသည်။ ကောဋိသတသဟဿ ကော
ဋိသတသဟဿ ယက္ခပရိဝါရော၊ ကုဋေတသိန်းကုဋေ
တသိန်းစီ ယက္ခနတ်မျိုး အခြံအရံရှိသည်ဖြစ်၍ ဥတ္တရဒိသံ
မြတ်စွာဘုရား၏ မြောက်မျက်နှာအရပ်၌။ ကပိလဝတ္ထု
မဟာဝနတော။ ကပိလဝတ်ပြည်၏အနီးဖြစ်သော မဟာ
ဝုန်တောမှ။ ပဉ္စာယ။ ၍။ စက္ကဝါဠ ဥပါဂမုံ။ စကြဝဠာ
တိုက်ကို။ ပူရေတွာ။ ပြည့်စေ၍။ ဌိတော။ တည်၏။

၂၁။ ဣတိ။ ဤသို့။ သမန္တာ။ ထက်ဝန်းကျင်စကြဝဠာ
တသောင်းမှ။ အာဂတာ။ လာကုန်သော။ ဒသသဟဿ
ဒသ သဟဿ သခ်ါ။ တသောင်း တသောင်းစီ အရေ
အတွက်ရှိကုန်သော။ ကောဋိ သတသဟဿ ကောဋိ
သတသဟဿပရိဝါရာ။ ကုဋေတသိန်းကုဋေတသိန်းစီ
အခြံအရံရှိကုန်သော။ စတ္တာရော။ လေးယောက်ကုန်သော

တေမဟာရာဇာ၊ ထိုနတ်မင်း ကြီးတို့သည်၊ သမန္တာ၊ မြတ်စွာဘုရား၏ ထက်ဝန်းကျင်မှ၊ စတုရော ဒိသာ၊ အရပ်လေးမျက်နှာတို့၌၊ ကပိလဝတ္ထုဝေ၊ ကပိလဝတ်ပြည်၏အနီးဖြစ်သော။ ဝနေ၊ မဟာဝုန်တော၌။ ဒဒ္ဒလ္လမာနာ၊ မီးပုံကြီးကဲ့သို့တောက်ပကုန်လျက်၊ အဋ္ဌံသု၊ တည်ကုန်၏။

(အခြံအရံနှင့် တကွသော ထိုနတ်မင်းကြီးတို့သည် စကြာဝဠာတိုက်ကိုပြည့်စေ၍၊ စကြာဝဠာနှင့် အမျှတည်ကုန်ငြားသော်လည်း။ ကပိလဝတ်ပြည်မဟာဝုန်တောကိုရည်ရွယ်၍ လာသောကြောင့် ကပိလဝတ်ပြည်မဟာဝုန်တော၌ တည်ကုန်သည်ဟုဆိုသည်၊ အဋ္ဌကထာ)။

၂၂။ တေသံ၊ ထို နတ် မင်း ကြီးတို့၏၊ ဒါသာ၊ ရှစ်ယောက်သော ကျွန်တို့သည်။ မာယာဝိနော၊ မာယာများကုန်၏၊ ဝဉ္စနကာ၊ လှည့်ပတ်တတ်ကုန်၏။ သဌာ၊ ကောက်ကျစ်စဉ်းလဲကုန်၏၊ 'မာယာ'လှည့်စားတတ်ကုန်၏။ တေပိ၊ ထိုရှစ်ယောက်သောကျွန်တို့သည်လည်း၊ အာဂုံ၊ လာရောက်ကုန်ပြီ။ ကုဋေဏ္ဍု၊ ကုဋေဏ္ဍုမည်သောကျွန်။ ဝိဋေဏ္ဍု၊ ဝိဋေဏ္ဍုမည်သောကျွန်၊ ဝိဋုစ္စ၊ ဝိဋုစ္စမည်သောကျွန်။ ဝိဋုတော၊ ဝိဋုတမည်သောကျွန်၊ သော၊ ထိုဝိဋုတမည်သောကျွန်သည်၊ တေဟိ၊ ထိုနတ်မင်းကြီးတို့နှင့်။ သဟ၊ အတူတကွ၊ အာဂတော၊ လာရောက်၏။ စန္ဒနော၊ စန္ဒနမည်

သောကျွန်၊ ကာမသေဋ္ဌာ၊ ကာမသေဋ္ဌ မည်သောကျွန်၊ ကိန္နုဃဏ္ဍူ၊ ကိန္နုဃဏ္ဍု မည်သော ကျွန်၊ နိဃဏ္ဍူ၊ နိဃဏ္ဍု မည်သော ကျွန်၊ ဧတေဒါသာ၊ ဤ ရှစ်ယောက်သောကျွန်တို့သည်၊ အာဂုံ၊ လာရောက်ကုန်ပြီ၊

၂၃ ပနာဒေါ၊ ပနာဒ မည်သော နတ်မင်းသည်၎င်း၊ ဩပမညော စ၊ ဩပမည မည်သော နတ်မင်း သည်၎င်း။ ဒေဝသုတော၊ သိကြားမင်း၏ရထားထိန်းဖြစ်သော၊ မာတလိ စ၊ မာတလိ မည်သော နတ်မင်း သည်၎င်း၊ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်မျိုးဖြစ်သော၊ စိတ္တသေနော စ၊ စိတ္တမည်သော နတ်မင်း၊ သေနမည်သောနတ်မင်း၊ စိတ္တသေနမည်သော နတ်မင်းသည်၎င်း။ နဠော၊ နဠမည်သော၊ ရာဇာ စ၊ နတ်မင်း သည်၎င်း၊ ဇနေသဘော၊ ဇနေသဘမည်သော နတ်မင်း သည်၎င်း၊ ပဉ္စသိခေါ စ၊ ပဉ္စသိခ မည်သော နတ်မင်း သည်၎င်း။ တိမ္ဗရူ၊ တိမ္ဗရူ မည်သော နတ်မင်းသည်၎င်း၊ သူရိယဝစ္ဆသာ၊ တိမ္ဗရူနတ်မင်း၏သမီး သူရိယ ဝစ္ဆသာ မည်သော နတ်သမီးသည်၎င်း။ အာဂုံ၊ လာရောက်ကုန်ပြီ၊ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗနတ်မျိုးဖြစ်ကုန်သော။ ဧတေ ရာဇာနော စ၊ အမည်ကို ဖေါ်ထုတ်၍ ဆိုခဲ့သော တကျိပ် တယောက်သော နတ်မင်းတို့သည်၎င်း၊ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗနတ်မျိုးဖြစ်ကုန်သော။ အညေ ရာဇာနော စ၊ ဤ ကျိပ်တယောက်မှ တပါးကုန်သောနတ်မင်းတို့သည်၎င်း။ ရာဇုဘိ၊ ဓတရဋ္ဌနတ်မင်းကြီးတို့နှင့်၊ သဟ၊ အတူတကွ၊ မောဒမာနာ၊ နှစ်သက် ရွှင်

လန်းသော စိတ်ရှိကုန်သည် ဖြစ်၍။ ဘိက္ခုနံ့ သမိတိံ၊ ရဟန္တာငါးရာဘို့၏ စည်းဝေးရာဖြစ်သော။ဝနံ၊ ဤမဟာဝုန်တောသို့။ အဘိက္ကာမုံ၊ လာရောက်ကုန်ပြီ။

၂၄။ အထ၊ နတ်တို့၏ လာခြင်းမှတပါး။ နဂါးဘို့၏ လာခြင်းကိုဆိုအံ့၊ နာဂသသာ၊ နာဂအိုင်၌နေကုန်သော။နာဂါစ၊ နဂါးတို့သည်၎င်း။ ဝေသာလာ၊ ဝေသာလအိုင်၌ နေကုန်သော။ နာဂါစ၊ နဂါးဘို့သည်၎င်း။ တစ္ဆကာ၊ တစ္ဆက နဂါးပရိက်သာတ်နှင့်။ သဟ၊ တကွ။ အာဂုံ၊ လာရောက်ကုန်ပြီ။ ။ကမ္ဗလဿတရာ၊ မြင်းမိုရ်တောင်ခြေ၌နေကုန်သော ကမ္ဗလ မည်သော နဂါးမင်း။ အဿတရမည်သော နဂါးမင်းတို့သည်၎င်း။ ပါယာဂါ၊ ပါသာဂ ဆိပ်၌နေကုန်သော နဂါးတို့ သည်၎င်း။ ဉာတိဘိ၊ ဆွေမျိုးတို့နှင့်။ သဟ၊ တကွ။ အာဂုံ၊ လာရောက်ကုန်ပြီ။ ယာမုနာ၊ ယမုနာမြစ်၌ နေကုန်သော၊ ယသဿိနော၊ များသော အခြံအရံ ရှိကုန်သော။ နာဂါစ၊ နဂါးတို့သည်၎င်း၊ ဓတရဋ္ဌ၊ ဓတရဋ္ဌ အမျိုးဖြစ်ကုန်သော။ ယသဿိနော၊ များသော အခြံ အရံရှိကုန်သော၊ နာဂါစ၊ နဂါးဘို့သည်၎င်း။ အာဂုံ၊ လာရောက်ကုန်ပြီ၊

ဧရာဝဏော၊ ဧရာဝဏ် မည်သော၊ မဟာနာဂေါ၊ သိကြားမင်း၏ စီးတော်ဆင်သည်၊ အတ္ထိ၊ ရှိ၏။ သောပိ၊ ဧရာဝဏ်ဆင်မင်းသည်လည်း။ သမိတိံ၊ ရဟန္တာငါးရာဘို့ စည်းဝေးရာဖြစ်သော။ ဝနံ၊ ဤမဟာဝုန် တောသို့။ အာဂ၊ လာရောက်ပြီ။

၂၅။ ဒိဗ္ဗာ၊ နတ်၏ အာနုဘော်နှင့်ပြည့်စုံကုန်သော။ ဒိဇာ၊ ငှက်မျိုး ဖြစ်ကုန်သော။ ပက္ခီ၊ ကြီးမားသော အတောင်ရှိကုန်သော။ ဝိသုဒ္ဓစက္ခူ၊ ယူဇနာတရာ၊ ယူဇနာတထောင်ခြားရာ၌။ နဂါးကိုမြင်ခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍ စင်ကြယ်သောမျက်လုံးရှိကုန်သော။ ယေ၊ အကြင်ဂဠုန်မင်းတို့သည်။ နာဂရာဇေ၊ ဆိုပြီးသော နဂါးမင်းတို့ကို။ သဟသာ၊ အဆောတလျင်။ ဟရန္တိ၊ သုတ်ယူနိုင်ကုန်၏။ တေ၊ ထို ဂဠုန် မင်းတို့သည်လည်း။ ဝေဟာယသော၊ ကောင်းကင်ခရီးဖြင့်။ ဝနံ၊ ဤမဟာဝုန် တောသို့။ အဇ္ဈပတ္တာ၊ ရောက်လာကုန်ပြီ။ တေသံ၊ ထိုဂဠုန်မင်းတို့၏။ နာမံ၊ အမည်ကား။ စိတြာသုပဏ္ဏာဣတိ၊ စိတြသုပဏ္ဏမည်ကုန်၏။

၂၆။ တဒါ၊ ထိုနဂါးနှင့်-ဂဠုန်တို့ အတူတကွ စည်းဝေးသောအခါ၌။ နာဂရာဇာနံ၊ နဂါးမင်းတို့အား။ အဘယံ၊ ဘေးမရှိသည်။ အာသိ၊ ဖြစ်ပြီ၊ ဗုဒ္ဓေါ။ မြတ်စွာဘုရားသည်။ သုပဏ္ဏတော၊ ဂဠုန်မှ။ ခေမံ၊ ဥပဒ္ဒဝေါမရှိသည်ကို။ အကာသိ၊ ပြုတော်မူပြီ။ သဏှာဟိ၊ ချိုသာကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ ဥပဝှယန္တာ၊ အချင်းချင်းခေါ်ဝေါ်ပြောပြော နှုတ်ခွန်းဆက်ကုန်လျက်၊ နာဂါ၊ နဂါးတို့သည်၎င်း။ သုပဏ္ဏာ၊ ဂဠုန်တို့သည်၎င်း။ ဗုဒ္ဓံ။ မြတ်စွာဘုရားကိုသာလျှင်။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ အကံသု ပြုကုန်ပြီ၊

၂၇။ ဝဇိရဟတ္ထေန၊ သိကြားမင်းသည်။ ဇိတာ၊ အောင်

အပ်ကုန်သော၊ သမုဒ္ဒ၊ သမုဒ္ဒါကို၊ သိတာ၊ မှီ၍နေကုန်
သော၊ ဝါသဝသ၊ သိကြားမင်း၏၊ ဘာတရော၊ ညီနောင်
ဖြစ်ကုန်သော၊ ဧတေအသုရာ၊ ဤအသုရာတို့သည်၊ ဣဒ္ဓိ
မန္တော၊ တန်ခိုးကြီးကုန်၏၊ ယသဿိနော၊ များသော အခြံ
အရံ ရှိကုန်၏၊ တေသု၊ ထိုအသုရာတို့တွင်၊ ကာလကဉ္စာ၊
ကာလကဉ္စမည်ကုန်သောအသုရာတို့သည်၊ မဟာဘိသ္မာ၊
ကြောက်မက်ဘွယ် ကြီးမားသောကိုယ်ကို ဆောင်ကုန်
ပြီး၍၊ အာဂမုံ၊ လာရောက်ကုန်ပြီ၊ ဒါနဝေဃသာ၊ ဒါန
ဝေဃသ မည်ကုန်သော၊ အသုရာ၊ အသုရာတို့သည်လည်း၊
ဝေပစိတ္တိ၊ ဝေပစိတ္တိမည်သောအသုရာသည်လည်း၊ သုစိတ္တိ
စ၊ သုစိတ္တိ မည်သော အသုရာသည်လည်း၊ ပဟာရာဒေါ၊
ပဟာရာဒမည်သော အသုရာသည်လည်း၊ အာဂမုံ၊ သု၊
လာရောက်ကုန်ပြီး၊ နမုစိ၊ မာရ်နတ်သား သည်လည်း၊
ဧတေဟိ၊ ဤအသုရာတို့နှင့်၊ သဟ၊ အတူ တကွ၊ အာဂ
တော၊ လာရောက်ပြီ၊ ဗလိပုတ္တာနံ၊ ဗလိမည်သော မဟာ
အသုရာ၏သားတို့၏၊ သတံ၊ တရာသည်လည်း၊ သောဘိ
ဖြစ်၏၊ သဗ္ဗေ-ခပ်သိမ်းကုန်သော တရာသော သားတို့
သည်၊ ဝေရောစနာမကာ၊ ဦးရီးဖြစ်သော ရာဟု အသုရိန်
၏ အမည်ကိုဆောင်ကုန်သည်ဖြစ်၍၊ ဝေရောစ ဟူသော
အမည်လည်းရှိကုန်၏၊ ဗလိသေနံ၊ ဗလိအသုရာ၏ ရဲမက်
တော်အပေါင်းသည်၊ သန္နယှိတွာ၊ ချင်မိန်ညှို ဝတ်ဆင်
လျက်၊ ဘဒြံ၊ ဒို့သခင်၊ (တနည်း) ဘော၊ အသျှင်အား၊
ဘဒ္ဒံ ကောင်းခြင်းသည်၊ ဟောတု၊ ဖြစ်စေ သတည်း၊

ဧဒါနိ၊ ယာခု၊ ဘိက္ခုနံ့သမိတိံ၊ ရဟန္တာငါးရာတို့ စည်းဝေး
ရာဖြစ်သော။ ဝနံ၊ မဟာဝုန်တောသို့၊ သမယော၊ သွား
ချိန်တန်ပြီ။ ဣတိ၊ ဤသို့၊ ရာဟုဘဒ္ဒံ၊ ရာဟုအသူရိန် နတ်
မင်းကို၊ ဥပါဂမုံ၊ ချဉ်းကပ်၍လျှောက်ထားကုန်၏။

၂၈။ အာဘေပါဒေဝါစ၊ အာဘေပါနတ်သည်ရင်း၊ ပထ
ဝီ၊ဒေဝါစ၊ ပထဝီ နတ်တို့သည်ရင်း၊ တေဇောဒေဝါစ၊
တေဇောနတ်တို့သည်ရင်း၊ ဝါယောဒေဝါစ။ ဝါယော
နတ်တို့သည်ရင်း၊ တဒါ၊ ထိုအခါ၌။ အာဂမုံ၊ လာရောက်
ကုန်ပြီ၊ ဝရုဏာဒေဝါစ၊ ဝရုဏမည်သော နတ်တို့သည်
ရင်း။ ဝါရုဏာဒေဝါစ၊ ဝါရုဏမည်သော နတ်တို့သည်
ရင်း၊ သောမောဒေဝါစ၊ သောမမည်သောနတ်တို့သည်
ရင်း။ ယသသာ၊ ယသမည်သောနတ်နှင့်- သဟ- အတူ
တကွ။ အာဂတာ၊ လာရောက်ကုန်ပြီ။ ယသသိနော၊ များ
သောအခြံအရံ ရှိကုန်သော၊ မေတ္တာကာယိကာဒေဝါစ၊
မေတ္တာဈာန်အလို့ငှါ ပရိကံပြု၍ ဖြစ်ကုန်သော နတ်အ
ပေါင်းတို့သည်ရင်း။ ကရုဏာကာယိကာဒေဝါစ၊ ကရု
ဏာဈာန်အလို့ငှါ ပရိကံပြု၍ဖြစ်ကုန်သော နတ်အပေါင်း
တို့သည်ရင်း၊ အာဂူ၊ လာရောက်ကုန်ပြီ၊ ဒသေတေဒသကာ
ယာ၊ ဤအာဘေပါနတ် အစ, ကရုဏာနတ်, အဆုံး ရှိကုန်
သော ဂိုဏ်းသီး,ဂိုဏ်းကွဲ ဆယ်မျိုးသော နတ်တို့သည်။
ဒသဓာ၊ ဆယ်စုအားဖြင့်၊ ဋ္ဌိတာ၊ တည်ကုန်၏၊ သဗ္ဗေ၊
ခပ်သိမ်းကုန်သော ဆယ်မျိုးကုန်သော နတ်တို့သည်၊ နာ

နတ်တို့၊ ဝဏ္ဏနိဘာ၊ အညို၊ အရွှေ၊ စသောအားဖြင့် အထူးထူး အထွေထွေသော အဆင်းရှိကုန်၏။ ဉာတိမန္တော၊ တန်ခိုးကြီးကုန်၏၊ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့်ပြည့်စုံကုန်၏။ ယသဿိနော။ များသော အခြံအရံရှိကုန်၏၊ မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘိက္ခုနံ့သမိတိံ၊ ရဟန္တာငါးရာတို့၏အပေါင်းကို၊ ဒဿနာယ။ ဖူးမြင်ခြင်းငှါ၊ ဝနံ၊ ဤမဟာဝုန်တောသို့၊ အာဂစ္ဆုံ။ လာရောက်ကုန်ပြီ၊

၂၉။ ဂေဟ္လာ ဒေဝါစ၊ ဂေဟ္လာမည်သောနတ်တို့သည်၎င်း၊ သဟလိဒေဝါစ၊ သဟလိမည်သောနတ်တို့သည်၎င်း၊ အသမာဒေဝါစ၊ အသမမည်သောနတ်တို့သည်၎င်း။ ဒွေနှစ်ပါးကုန်သော၊ ယမဒေဝါစ။ ယမမည်သောနတ်တို့သည်၎င်း။ အာဂုံ။ လာရောက်ကုန်ပြီ။ စန္ဒဿ၊ လကို၊ ဥပနိဿာ-မှီ၍ဖြစ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ စန္ဒ-လကို ပုရက္ခတွာ၊ ရှေ့သွားပြု၍။ အာဂုံ၊ လာရောက်ကုန်ပြီ။ ။ သူရိယဿံ-နေကို။ ဥပနိဿာ-မှီ၍ဖြစ်ကုန်သော၊ ဒေဝါ။ နတ်တို့သည်။ သူရိယံ၊ နေကို၊ ပုရက္ခတွာ- ရှေ့သွားပြု၍။ အာဂုံ၊ လာရောက်ကုန်ပြီ၊ နက္ခတ္တာနိဿိတာ-နက္ခတ်ကို မှီ၍ဖြစ်ကုန်သော၊ ဒေဝါနတ်တို့သည်၊ နက္ခတ္တာနိ-နက္ခတ်တို့ကို။ ပုရက္ခတွာ၊ ရှေ့သွားပြု၍၊ အာဂုံ၊ လာရောက်ကုန်ပြီ။

(လ-နေ- နက္ခတ်တို့၏ရှေ့-နောက် ဝဲယာတို့၌ ပြေးသွားတတ်ကုန်သော နတ်တို့သည်။ လ-နေ။

နက္ခတ်တို့ကို မှီ၍ဖြစ်သော နတ်မည်၏။ ဋီကာ)။
မန္ဒဝလာဟကာ၊ မန္ဒဝလာဟက မည်သောနတ်တို့သည်၊ အာဂုံ၊ လာရောက်ကုန်ပြီ။ ဝသူနံ၊ ဝသူမည်သော နတ်မျိုးတို့ထက်၊ သေဋ္ဌော၊ မြတ်သော။ ဝါသဝေါ၊ သိကြားသည်။ သက္ကော၊ သက္ကမည်၏၊ ပုရိန္ဒဒေါ၊ ပုရိန္ဒဒလည်းမည်၏၊ သောပိ၊ ထိုဝါသဝလည်းမည်၊ သက္ကလည်းမည်၊ ပုရိန္ဒဒလည်းမည်သော သိကြားမင်းသည်လည်း။ အာဂါ၊ လာရောက်ပြီ။ ဒသေဒသကာယာ၊ ဤဂဏ္ဍာနတ်အစု၊ သိကြားနတ်အဆုံးရှိကုန်သော ပိုဏ်းသီး ပိုဏ်းကဲ့ ဆယ်မျိုးသောနတ်တို့သည်၊ ဒသဓာ၊ ဆယ်စုအားဖြင့်။ ဌိတာ၊ တည်ကုန်၏၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သောဆယ်မျိုးသောနတ်တို့သည်၊ နာနတ္တဝဏ္ဏိနော၊ အညီအရွေစသောအားဖြင့်၊ အထူးထူးအထွေထွေအဆင်းရှိကုန်၏၊ ဣဒ္ဓိမန္တော၊ တန်ခိုးကြီးကုန်၏၊ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့် ပြည့်စုံကုန်၏။ ယသဿိနော၊ များသောအခြံအရံရှိကုန်၏။ မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘိက္ခုသံဃသမိတိံ၊ ရဟန္တာငါးရာတို့၏ အပေါင်းကို။ ဒသနမာယ၊ ရှုအံ့။ ဝနံ၊ သို့။ အဘိက္ကာမုံ၊ လာရောက်ကုန်ပြီ။

၃၀။ အထ ထုံမှတပါး။ အင်္ဂီသိခါရိဝ၊ မီးတောက်မီးလျှံကဲ့သို့ အလင်း အလျှံ၊ တောက်ကုန်သော၊ သဟဘူဒေဝါ၊ သဟဘူမည်သောနတ်တို့သည်၊ ငါး။ [illegible]

နိဘာသိနော၊ ရင်ခတ်ပန်းနှင့် တူသော အဆင်းရှိကုန်
သော။အရိဋ္ဌကာစ၊အရိဋ္ဌကမည်သောနတ်တို့သည်၎င်း၊
ရောဇာစ၊ရောဇမည်သောနတ်တို့သည်၎င်း၊ ဝရုဏာစ၊
ဝရုဏမည်သောနတ်တို့သည်၎င်း၊ သဟဓမ္မာစ၊ သဟ
ဓမ္မမည်သော နတ်တို့သည်၎င်း၊ အစ္စုတာစ၊အစ္စုတမည်
သောနတ်တို့သည်၎င်း၊အနေဇကာ၊ အနေဇကမည်သော
နတ်တို့သည်၎င်း။သုလေယျရုစိရာစ၊သုလေယျ မည်သော
နတ်၊ရုစိရမည်သောနတ်တို့သည်၎င်း၊ အာဂုံ၊လာရောက်
ကုန်ပြီ၊ ဝါသဝနေသိနော၊ ဝါသဝနေသိ မည်ကုန်သော
နတ်တို့သည်၎င်း၊ အာဂုံ၊လာရောက်ကုန်ပြီ၊ ။(အထော
ဂုံ ဝါသဝါသိနောဟူ၍လည်းပါရှိ၏, ။အထ၊ထိုမှတပါး
ဝါသဝါသိနော၊ ဝါသဝါသိမည်ကုန်သော နတ်တို့သည်
၎င်း။ အာဂုံ၊ လာရောက်ကုန်ပြီ၊ ဤသို့သမ္မန်လေ)။ ။
ဆေတေဒသကာယာ။သဟာဘုနတ်အစ။ ဝါသဝနေသိ နတ်
အဆုံးရှိကုန်သော ဂိုဏ်းသီးဂိုဏ်းကွဲ ဆယ်မျိုးသောနတ်
တို့သည်။ ဒသဓာ၊ဆယ်စုအားဖြင့်၊ဗြိတာ၊ တည်ကုန်၏၊
သဗ္ဗေ၊ခပ်သိမ်းကုန်သော ဆယ်မျိုးသော နတ်တို့သည်၊
နာနတ္တဝဏ္ဏိနော။အသီးအခြားအားဖြင့် အထူးထူးအတွေ
တွေ့ အဆင်းရှိကုန်၏၊ ဣဒ္ဓိမန္တော၊တန်ခိုးကြီးကုန်၏၊ ဇုတိ
မန္တော၊အာနုဘော်ကြီးကုန်၏၊ဝဏ္ဏဝန္တော၊ ကိုယ်ရောင်
ကိုယ်ဝါနှင့်ပြည့်စုံကုန်၏၊ ယသဿိနော၊များသော အခြံ
အရံရှိကုန်၏၊ မောဒမာနာ ဝမ်းမြောက် ကုန်သည်ဖြစ်၍။
ဘိက္ခုနံသမိတိံ၊ ရဟန္တာငါးရာတို့၏အပေါင်းကို။ ဒသာ

နုဗ္ဗာသယ။ ဖွားမြင်ခြင်း၌။ ဝနံ၊ ဤမဟာဝုန် တောသို့၊ အဘိက္ကာမုံ။လာရောက်ကုန်ပြီ။

၃၁။ သမနာ။သမာန မည်သော နတ်တို့သည်၎င်း။ မဟာသမာနာ။မဟာသမာန မည်သောနတ်သည်၎င်း။ မာနုသာ။မနုဿာမည်သောနတ်တို့သည်၎င်း။ မာနုသုတ္တမာ။မာနုသုတ္တမမည်သော နတ်တို့သည်၎င်း၊ ခိဍ္ဍာပဒေါသိကာ၊ ခိဍ္ဍာပဒေါသိကမည်သောနတ်တို့လည်း၎င်း။ အာဂုံ၊ လာရောက်ကုန်ပြီ။ မနောပဒေါသိကာ။ မနောပဒေါသိကမည်သောနတ်တို့သည်၎င်း အာဂုံ။ လာရောက်ကုန်ပြီ။ ၊အထ။ထိုမှတပါး။ဟရယော။ ဟရိမည်ကုန်သော ဒေဝါနတ်တို့သည်၎င်း။ အာဂုံ၊လာရောက်ကုန်ပြီ။ လောဟိတဝါသိနော။ လောဟိတဝါသီ မည်ကုန်သော၊ယေစ အကြင်နတ်တို့သည်၎င်း။ ပါရဂါ၊ပါရဂမည်သော နတ်တို့သည်၎င်း။ မဟာပါရဂါ၊ မဟာပါရဂမည်သော နတ်တို့သည်၎င်း။ အာဂုံ၊လာရောက်ကုန်ပြီ။ဒေဝါ၊ ဂိုဏ်းသီး ဂိုဏ်းကွဲ ဆယ်မျိုးသောနတ်တို့သည်။ယသဿိနော၊ အသီးအသီးများသော အခြံအရံရှိကြကုန်၏။ ဒေဝတာ ယာ၊သမာနနတ်အစ၊ မဟာပါရနတ်အဆုံး ရှိကုန်သော ဂိုဏ်းသီးဂိုဏ်းကွဲဆယ်မျိုးသောနတ်တို့သည်။ ဒသဓာ၊ ဆယ်စုအားဖြင့်၊ဌိတာ၊ တည်ကုန်၏၊သဗ္ဗေ၊ခပ်သိမ်းကုန် သောဆယ်မျိုးသောနတ်တို့သည်။နာနတ္တဝဏ္ဏိနော၊ အညီအစွေသောအားဖြင့် အထူးထူးအထွေထွေအဆင်းရှိကုန်၏၊ဣဒ္ဓိမန္တော၊တန်ခိုးကြီးကုန်၏၊ ဇုတိမန္တော၊ အာနု

ဘောင်ကြီးကုန်၍။ ပဏ္ဍုဝဏ္ဏာ၊ ကိုယ်ရောင်ဖိုယ်ဝါနှင့် ပြည့်စုံကုန်၍ ယသဿိနော၊ များသောအခြံအရံရှိကုန်၍။ ဝမာဒမာနာ၊ ဝမ်းမြောက် ကုန်သည်ဖြစ်၍။ ဘိက္ခုနံ့သမိတိံ၊ ရဟန်တာငါးရာတို့၏အပေါင်းကို။ ဒဿနတ္ထာယမှုးမြင် ခြင်းငှါ၊ ဝနံ၊ ဤမဟာဝုန်တောသို့။ အာဂစ္ဆုံ၊ လာ ရောက်ကုန်ပြီ။

၃၂။ သုဗြဟ္မာ၊ သုဗြဟ္မ မည်သော နတ်တို့သည်၎င်း။ ကရမ္ဘာ၊ ကရမ္ဘမည်သော နတ်တို့သည်၎င်း။ အရုဏာ၊ အရုဏ မည်သော နတ်တို့ သည် ၎င်း။ အာဂုံ၊ လာ ရောက်ကုန်ပြီ။ တေဟိ ထိုသုံး ဂိုဏ်း သော နတ်တို့နှင့် သဟ။ တကွ။ ဝေဃနသာစ။ ဝေဃနသမည်သော နတ်တို့သည်၎င်း။ အာဂုံ။ လာရောက်ကုန်ပြီ။ ပါမောက္ခာ။ အကြီး အမှူး ဖြစ်ကုန်သော။ ဩဒါတဂယှာ။ ဩဒါတဂယှ မည်သော နတ်တို့သည်၎င်း။ ဝိစက္ခဏာ ဒေဝါစ။ ဝိစက္ခဏာမည်သောနတ်တို့သည်၎င်း။ သဒါမတ္တာစ။ သဒါမတ္တ မည်သောနတ်တို့သည်၎င်း။ ဟာရဂဇာစ။ ဟာရဂဇမည်သော နတ်တို့သည်၎င်း။ ယသဿိနော၊ များ သောအခြံအရံရှိကုန်သော။ မိဿကာစ။ မိဿမည်သော နတ်တို့သည်၎င်း။ အာဂုံ။ လာရောက်ကုန်ပြီ။ ပဇ္ဇုန္နော။ အ ကြင်ပဇ္ဇုန်နတ်သည်။ ဒိသာ၊ ရောက်ရာ ရောက်ရာအရပ် တို့၌၊ အဘိဝဿတိ မိုးယိုးရွာစေ၏။ သော ပဇ္ဇုန္နော။ ထိုပဇ္ဇုန်နတ် [illegible]၎င်း။ လနယံ လာယန္တော။ မိုးယိုးချုန်း လျက် [illegible] ရောက်ကုန်ပြီ။

ဧတေ ဒသကာယာ။ သုဂ္ဂနတ်အစ,ပဏ္ဍုနိနတ်အဆုံး ရှိသော ဂိုဏ်းသီးဂိုဏ်းကွဲ ဆယ်မျိုးသောနတ်တို့။ ဒသဓာ။ ဆယ်ရအားဖြင့်။ ဌိတာ။ တည်ကုန်၏။ သဗ္ဗေ။ ခပ်သိမ်းကုန်သော ဆယ်မျိုးသောနတ်တို့သည်။ နာနတ္တဝဏ္ဏိနော။ အညို, အစွဲစသော အားဖြင့် အထူးထူး အထွေထွေ အဆင်းရှိကုန်၏။ ဣဒ္ဓိမန္တော။ တန်ခိုး ကြီးကုန်၏။ ဇုတိမန္တော။ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော။ ကိုယ်ရောင်ကိုယ်ဝါနှင့်ပြည့်စုံကုန်၏။ ယသဿိနော။ များသောအခြံအရံရှိကုန်၏။ မောဒမာနာ။ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ ဘိက္ခုနံ သမိတိံ။ ကို။ ဒေသနာဉာယ၊၌။ ဝနံ။ သို့။ အဘိက္ကာမုံ။ လာရောက်ပြီ။

၃၃။ ခေမိယာ။ ခေမိယ မည်သော နတ်တို့သည်၎င်း။ တုသိတာ။ တုသိတာဘုံ၌ နေကုန်သော နတ်သည်၎င်း။ ယာမာ။ ယာမာဘုံ၌ နေကုန်သော နတ်တို့သည်၎င်း။ ယသဿိနော။ များသောအခြံအရံရှိကုန်သော။ ကဋ္ဌကာ စ။ ကဋ္ဌကမည်သောနတ်တို့သည်၎င်း။ လမ္ဗိတကာ။ လမ္ဗိတကမည်သောနတ်တို့သည်၎င်း။ လာမသေဋ္ဌာ။ လာမသေဋ္ဌမည်သောနတ်တို့သည်၎င်း။ ဇောတိနာမာ စ။ ဇောတိမည်သောနတ်တို့သည်၎င်း။ အာသဝါ စ။ အာသဝါမည်သောနတ်တို့သည်၎င်း။ နိမ္မာနရတိနော။ နိမ္မာနရတိဘုံ၌ နေကုန်သောနတ်တို့သည်၎င်း။ အာဂုံ။ လာရောက်ကုန်ပြီ။ အထ ထိုမှတပါး ပရနိမ္မိတာ။ ပရနိမ္မိတဘုံ၌ နေကုန်သော နတ်တို့သည်၎င်း။ အာဂုံ။ လာရောက်ကုန်ပြီ။ ဧတေ ဒသကာ

ယာ၊ ခေမိယနတ်အစ၊ ပရနိမ္မိတနတ် အဆုံးရှိကုန်သော ဂိုဏ်းသီး ဂိုဏ်းကွဲ ဆယ်မျိုးသော နတ်တို့သည်၊ ဒသဓာ၊ ဆယ်ပါးအားဖြင့်၊ ဌိတာ၊ တည်ကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော ဆယ်မျိုးသော နတ်တို့သည်၊ နာနတ္တဝဏ္ဏိနော၊ အညီ အညွတ်သော အားဖြင့် အထူးထူး အထွေထွေ အဆင်းရှိကုန်၏။ ဣဒ္ဓိမန္တော၊ တန်ခိုးကြီးကုန်၏။ ဇုတိမန္တော၊ အာနုဘော်ကြီးကုန်၏။ ဝဏ္ဏဝန္တော၊ ကိုယ်ရောင်ကိုယ်ဝါနှင့် ပြည့်စုံကုန်၏။ ယသဿိနော၊ များသော အခြံအရံရှိကုန်၏။ မောဒမာနာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍၊ ဘိက္ခူနံ သမိတိံ၊ ရဟန္တာငါးရာတို့၏ အပေါင်းကို၊ ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းငှါ။ ဝနံ၊ ဤမဟာဝုန်တောသို့၊ အာဂမုံ၊ လာရောက်ကုန်ပြီ။

၃၄။ သဋ္ဌိ၊ ခြောက်ဆယ်ကုန်သော၊ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝနိကာယာ၊ အာပေါနတ်အစ၊ ပရနိမ္မိတနတ် အဆုံးရှိကုန်သော။ ဤ ဂိုဏ်းသီး ဂိုဏ်းသီးကွဲနတ်တို့သည်၊ နာနတ္တဝဏ္ဏိနော၊ အညီ အညွတ်သော အားဖြင့် အထူးထူး အထွေထွေ အဆင်းရှိကုန်သည်ဖြစ်၍၊ နာမဝယေ၊ အာပေါနတ်-ပထဝီနတ်အစရှိကုန်သော အမည်သညာ အသီးသီးအားဖြင့်၊ အာဂုံ၊ လာရောက်ကုန်ပြီ။ အညေ၊ တပါးလည်းဖြစ်ကုန်သော။ သဒိသာ၊ ထိုခြောက်ဆယ်သော ဂိုဏ်းသီးဂိုဏ်းကွဲနတ်တို့နှင့် အဆင်းအားဖြင့်၎င်း၊ အမည်အားဖြင့်၎င်း တူကုန်သော။ ယေ၊ ကြွင်းသော စကြာဝဠာ၌ နေကုန်သော အကြင် နတ်တို့သည်လည်း။

သင်္ကိ၊ ရှိကုန်၏၊ တော်၊ ထိုနတ်တို့သည်လည်း။ သဟ၊ ဆိုခဲ့ပြီးသော နတ်မျိုး ခြောက်ဆယ်တို့နှင့် တတူတကွ၊ အာဂန္တုံလာရောက်ကုန်ပြီ။

(ဤပကားချားဖြင့် တသောင်းသောစကြဝဠာ၌နေကုန်သောနတ်အပေါင်းတို့၏လာရောက်ခြင်းကို တပေါင်းတည်း ပြု၍ ပြတော်မူသည်။ အဋ္ဌကထာ)။

ပဝုဋ္ဌဓာတိံ ကင်းပြီးသော ပဋိသမ္ဘိဒါ ရှိထသော၊ အနိလံ၊ ရာဂ, ဒေါသ, မောဟ တည်း ဟူသော ခြောင့်တံသင်း မရှိထသော၊ ဩဃတို့ကို၊ ဩဃလေးပါးကို ကူးမြောက်ပြီးသသော၊ အနာသဝံ၊ အာသဝေါတရားလေးပါး မရှိထသော၊ ဘိက္ခုသံဃံ၊ ရဟန္တာ ငါးရာအပေါင်းကိုရင်း၊ ဝေက္ခိဿ၊ ဖူ မျှော် ကုန်ကုံ၊ ဩဃတရို၊ ဩဃလေးပါးကိုကူးမြောက်တော်မူပြီးသသော၊ နာဂံ၊ အကုသိုလ်ကို ပြုတော်မမူထသော၊ အသိတာဝင်ဝံ၊ မည်းညစ်ခြင်း၏ အကြောင်းဖြစ်သော ကိလေသာတို့ကို လွန်မြောက်တော်မူပြီးသသော၊ စန္ဒဝ၊ နွေလမင်းကဲ့သို့ ကြက်သရေတော်ဖြင့် တင့်တယ် တော်မူသသော၊ ဒသဗလဥ၊ မြတ်စွာဘုရားကိုရင်း ဒခ္ခေမ ဖူးမျှော်ကုန်ကုံ။ ဣတိ၊ ဤသို့နှလုံးပိုက်၍၊ ဝေတဒုံ။ ဤသည်ကိုတော်ကို ဖူးမျှော်ခြင်း။ မြတ်စွာဘုရားကို ဖူးမျှော်ခြင်း အကျိုးငှာ။ ဝေတသဗ္ဗေ၊ ဤစကြာဝဠာ၌ နေကုန်သော ဂိုဏ်းသီး, ဂိုဏ်းကွဲ, ခြောက်ဆယ်သောနတ်မျိုး၊ ထိုခြောက်ဆယ်နှင့် အဆင်း

အမည်ရှိသော တပါးသော စကြဝဠာ၌ နေကုန်သော ငါးကျင်းသီး, ငါးကျင်းကွဲခြောက်ဆယ်သော နတ်မျိုးအားဖြင့်။ ထိုအလုံးစုံသော နတ်အပေါင်းတို့သည်။ အာဂန္တုံ၊ လာရောက်ကုန်ပြီ။

(ဤဂုဏ်၌ဝကြဝဠာ၌နေသော နတ်မျိုးခြောက်ဆယ်တို့-အလားတူ၊ တပါးသောစကြဝဠာ၌ နေသော နတ်မျိုး ခြောက်ဆယ်တို့လာရောက်ကြောင်းကိုသာဆို၍။ အသူရာ တို့ကို မဆိုသောကြောင့်။ တပါးသောစကြဝဠာ၌ အသူရာပြည်မရှိ။ ဤစကြဝဠာ၌ သာ ရှိသည်ဟု ကျမ်းရိပ်ထွက်သည်။ အဋ္ဌကထာ, ဋီကာတို့၌ အထူးမရှိ-။

နတ်အခန်း-ပြီး၏။

---

၃၅။ သုဗြဟ္မာ၊ သုဗြဟ္မာမည်သော ဗြဟ္မာသည်၎င်း။ ပရမတ္ထောစ၊ ပရမတ္ထ မည်သော ဗြဟ္မာသည်၎င်း။ ဣဒ္ဓိမတော၊ တန်ခိုးကြီးတော်မူသော မြတ်စွာဘုရား၏ ပုတ္တာ သားတော်မည်ကုန်၏။ ဧတေ၊ ဤဗြဟ္မာ နှစ်ဦးတို့သည်။ သဟ၊ အတူတကွ၊ အာဂုံ၊ လာရောက်ကုန်ပြီ။ (သုဗြဟ္မာ မည်သော ဗြဟ္မာကား- အောက်မဂ်သုံးပါးကို ရသောကြောင့်၊ အရိယာဖြစ်ရကား။ မြတ်စွာဘုရား၏သား တော်မည်၏။ ထိုဗြဟ္မာကား- သုဒ္ဓါဝါသ ဘုံက မဟုတ်ဟု, ဋီကာ၌ဆို၏။)၊ သနင်္ကုမာရော၊ သနင်္ကုမာရ မည်သော

ဖြဟ္မာသည်၎င်း၊ တိဿော၊ တိဿ မည်သော ဗြဟ္မာ သည်၎င်း။သောပိ။ထိုဗြဟ္မာ နှစ်ဦးသည်လည်း။ သမိတိံ၊ ရဟန္တာ ငါးရာတို့၏ စည်းဝေးရာ ဖြစ်သော။ ဝနံ၊ ဤ မဟာဝုန်တောသို့။ အာဂ၊ လာရောက်ပြီ။

(တိဿဗြဟ္မာကား-အရိယာမဟုတ်၊ ပုထုဇဉ် တည်း။ ထိုဗြဟ္မာသည် နောက်အာဖ်၌ လူ့ပြည် တွင်-ဖြစ်၍ မောဂ္ဂလိပုတ္တတိဿ မထေရ် ဖြစ် လာ၏ဟု, ဋီကာ၌ဆိုသည်)။

၃၆။ ဗြဟ္မလောကာနံ၊ ဗြဟ္မာ့ပြည်လျှင်နေရာရှိကုန် သောမဟာဗြဟ္မာတို့၏။သဟဿံ၊ တထောင်သည်။အာဂ ဟိ၊ လာ၏။ဥပပန္နော၊ဗြဟ္မာ့ဘုံ၌ဖြစ်သော။ ဇုတိမန္တော၊ အာနုဘော်ကြီးသော။ ဘိသ္မာကာယော၊ ကြီးမားသော ကိုယ်ရှိသော။ ယသဿီ၊ များသော အခြံအရံ ရှိသော။ သောမဟာဗြဟ္မာ၊ တဆောင်သောမဟာဗြဟ္မာတွင် တ ယောက်,တယောက်သော ထိုမဟာဗြဟ္မာသည်။ အာဂ တ္တော၊ တပါးသောဗြဟ္မာတို့ကို၊ အဆင်းအသက် အခြံ အရံအားဖြင့် လွှမ်းမိုး၍တည်၏။ ။ဒသ၊ ဤတထောင် သော မဟာဗြဟ္မာတွင်။ ပစ္စေကဝသဝတ္တိနော၊ အသီး အသီး မိမိအလိုသို့လိုက်စေနိုင်ကုန်သော။ဣဿရာ၊အစိုး ရဖြစ်ကုန်သော။ဒသ၊တကျိပ်သောမဟာဗြဟ္မာတို့သည်။ အာဂုံ၊ လာရောက်ကုန်ပြီ၊ သောသူ၊ ထိုဗြဟ္မာ တို့၏ လည်း။မဇ္ဈတော၊ အတွင်း၌ ဟာရိတော၊ ဟာရိတ မည်

သော ဗြဟ္မာသည်။ ပရိဝါရိတော၊ ဗြဟ္မာတသိန်း အခြံ
အရံရှိသည်ဖြစ်၍။ အာဂါ၊ လာရောက်ပြီ။ ဣတိ၊ ဤသို့။
ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဘိက္ခူ၊ ရဟန္တာငါးရာ
တို့ကို။ အာမန္တယိ၊ ခေါ်၍အမိန့်တော်ရှိ၏။

၁၇။ အဘိက္ကန္တေ၊ သိကြားမင်းကို အကြီးအမှူး ပြု၍
လာကုန်သော။ သဣန္ဒေ၊ သိကြားမင်းနှင့်တကွကုန်သော
သဗ္ဗေ၊ အလုံးစုံသော။ ဒေဝေ၊ ထိုနတ်အပေါင်းတို့
ကိုရင်း။ အဘိက္ကန္တေ၊ ဟာရိတဗြဟ္မာကိုအကြီးအမှူးပြု၍
လာကုန်သော။ သဗြဟ္မကေ၊ ဟာရိတ ဗြဟ္မာနှင့် တကွ
ကုန်သော။ သဗ္ဗေ၊အလုံးစုံကုန်သော။ ဒေဝေ၊ ထို
ဗြဟ္မာ အပေါင်းတို့ကိုရင်း။ မာရသေနာ၊ မာရ်မင်း၏ ရဲ
မက်သားတို့သည်။ အဘိက္ကာမုံ၊ သွမ်းမိုး၍ လာကုန်၏။
ကဏှဿ၊ မာရ်နတ်၏၊ မန္ဒိယံ၊ မိုက်သည်၏အဖြစ်ကို ပဿ
ပဿထ။ ကြည့်ကြကုန်လော့ ဧထ၊ လာကြကုန်။ ဂဏှထ
ဘမ်းကြကုန်လော့။ ဗန္ဓထ၊ ချည်နှောင်ကြကုန်လော့။ ဝေါ၊
သင် ရဲမက် သားတို့သည်။ ဣဒံ ဒေဝမဏ္ဍလံ၊ ဤနတ်,
ဗြဟ္မာအပေါင်းကို၊ ရာဂေန၊ ရာဂဖြင့်၊ ဗန္ဓ၊ ချည်နှောင်
သည်။ အတ္ထု၊ ဖြစ်စေလော့။ သမန္တာ၊ ထက် ဝန်း
ကျင်မှ။ ပရိဝါရေထ၊ ဝန်းဝိုင်းကြကုန်လော့။ ဝေါ၊ သင်ရဲ
မက်သားတို့တွင်။ ကောစိ၊ တယောက်သော သူသည်
လည်း။ ဧတေသု၊ ဤနတ်,ဗြဟ္မာအပေါင်းတို့တွင်။ ကဉ္စိ၊
ယတ္ထုံ တယောက်သောသူကို။ မာမုဉ္စိတ္ထ၊ မလွှတ်ကြစေကုန်
လင့်။ ဣတိ၊ ဤသို့။ တတ္ထ၊ ထိုအစည်းအဝေး၌။ မဟာသေ

နေသ။ များသောရဲမက်ရှိသော။ ကဏှော၊ မာရ်နတ်သည်။ သေနံ၊ မိမိရဲမက်သားအပေါင်းကို။ အပေသယိ၊ စေခိုင်း၍ သဝိဇ္ဇုကော၊ လျှပ်စစ်နွယ်နှင့်တကွသော။ မေဃော၊ မိုးသည်။ ထနယန္တော၊ ချုန်းလျက်။ ပါဝုဿကောယထာ၊ ရွာသကဲ့သို့။ တဒါ၊ ထိုအခါ၌၊ သော၊ ထိုမာရ်နတ်သည် ပါဏိနာ၊ လက်ဖြင့်။ တလံ၊ မြေအပြင်ကို။ အာဟစ္စ၊ ခတ်၍။ ဘေရဝံ၊ ကြောက်မက်ဘွယ်သော။ သဒ္ဒံ၊ အသံကို။ ကတွာန၊ ပြု၍။ အသယံဝသေ၊ မိမိ အလိုသို့မပါသောကြောင့်။ သကုဒ္ဓေါ၊ ပြင်းစွာအမျက်ထွက်လျက်။ ပဒ္ဒုဒါဝတ္တိ၊ တပ်ကိုနှုတ်၍သွားလေ၏၊

၃၁။ တဉ္စသဗ္ဗံ၊ ထိုအလုံးစုံကိုလည်း။ အဘိညာယ၊ သိတော်မူ၍၊ ပဝေက္ခိတွာန၊ အသီးအသီးကြည့်တော်မူ၍၊ စက္ခုမာ၊ စက္ခုငါးပါးနှင့်ပြည့်စုံတော်မူသော။ သတ္ထာ၊ မြတ်စွာဘုရားသည်၊ သာသနေ၊ သိက္ခာ သုံးပါးဖြင့် သင်္ဂြိုဟ်အပ်သော သာသနာ တော်၌၊ ရတော၊ မွေ့လျော် ပျော်မိုက်ကုန်သော။ သာဝကေ၊ ရဟန္တာငါးရာ သာဝကတို့ကို၊ အာမန္တယိ၊ ခေါ်၍မိန့်တော်မူပြီ၊ ကိံ၊ အာမန္တယိ၊ အဘယ်သို့ခေါ်၍မိန့်တော်မူသနည်းဟူမူကား၊ ဘိက္ခဝေါ၊ ရဟန်းတို့။ မာရသေနာ၊ မာရ်မင်း၏ ရဲမက်သား တို့သည်။ အဘိက္ကန္တာ၊ လာရောက် ကုန်၏။ ဘေတုမွေ၊ သင်ရဟန်းတို့သည်။ ဝိဇာနာထ၊ မိမိတို့အားထိုက်သောသမဘက်ကို ဝင်စားခြင်းငှာသိကြကုန်လော့။ ဣတိ၊ ဤသို့၊ အာမန္တယိ

ခေါ်၍မိန့်တော်မူပြီး၊ တေစဘိက္ခူ၊ ထို ရဟန္တာငါးရာတို့သည်လည်း၊ ဗုဒ္ဓသာ၊ မြတ်စွာဘုရား၏၊ သာသနံ၊ အမိန့်တော်ကို၊ သုတွာ၊ ကြားကုန်သည်ရှိသော်၊ အာတပ္ပံ၊ သမာပတ်ဝင်စားခြင်းဌာ၊ လုံ့လကို၊ အကရုံ၊ ပြုကုန်၏။

မာရသေနာ၊ မာရ်နတ်နှင့် အကွသောရဲမက်သားတို့သည်၊ ဝီတရာဂေဟိ၊ ရဟန္တာတို့အထံမှ၊ ပက္ကာမုံ၊ အရပ်တပါးသို့ဖဲသွားကြလေကုန်၏။(ရဟန္တာတို့အထံမှ ဖဲသွားကြ၏ ဟူသော စကားသည် ဒေသနာတော်အဦးအစမျှသာဖြစ်သည်၊ ထို့ကြောင့် စည်းဝေး ရောက်လာသော နတ်,ဗြဟ္မာအပေါင်းတို့ အထံမှလည်း ဖဲသွားကုန်၏ ဟု မှတ်လေ။အဋ္ဌကထာ)။ ။မာရသေနာ၊ မာရ်နတ်မင်း၏ ရဲမက်သားတို့သည်၊ ဧသံ၊ ထိုရဟန္တာတို့၏၊ လောမံပိ၊ အမွေး တချောင်း ကို မျှလည်း၊ နဣဉ္ဇယုံ၊ လှုပ်ရှားအောင် မတတ်နိုင်ကုန်။

(ထိုအခြင်းအရာကိုမြင်ရကား၊ မာရ်နတ်သားသည် ရဟန်း သံဃာ ကို အကြောင်းပြု၍၊ သဗ္ဗေ ဝိဇိတသင်္ဂါမာ,ဟူသောဂါထာကိုရွတ်၏)။

၃၉။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော ဤရဟန်းတို့သည်၊ ဇိတသင်္ဂါမာ၊ အောင်အပ်ပြီးသော စစ်မြေရှိ ကုန်၏။ ဘယာတီတာ၊ ကြောက်ခြင်းကို လွတ်မြောက် ကုန်၏။

ယသဿိနော၊ များသောကျော်စောခြင်းရှိကုန်၏၊ ဇနေ
သုတာ၊ လူ့ပြည်တွင်၊ ထင်ရှားကုန်သော၊ တေသာဝကာဂ
ထုံရဟန္တာတို့သည်။ ဘူတေဟိ ဤရဟန္တာငါးရာတို့နှင့်။
သဟ၊ တကွ။ မောဒန္တိ၊ ဝမ်းမြောက်ကုန်၏၊ ။ဣတိ၊
ဤသည်သာလျှင်မဟာသမယသုတ်အပြီးတည်း။

မဟာသမယသုတ် ပါဠိတော် နိဿယပြီး၏။

# ယမိုက်အဖြေကျမ်း။

---

လယ်တီဆရာတော် ဘုရားကြီးက လန်ဒန်ဒေဝီ ဖြေကြားသည်ကို လယ်တီ ပဏ္ဍိတဘွဲ့ရ ဆရာဦးမောင်ကြီး ကအကြယ်တဝင့် ဖြေကြားထားသည်။ စာသင်သားနှင့် စာပြန်ပွဲဝင်လိုသည့် ပုဂ္ဂိုလ်များ အထူးသဖြင့် နိဗ္ဗာန်လိုလားသူများနှင့် အထူး သင့်လျော်ပါသည်။ အလိုရှိက ဘုရားကြီးဈေးသို့သွားရောက်ဝယ်ယူနိုင်ပါသည်။

## ကဿူပုံအတိုး ၁၈။

# ၉-ခမ်းကမ္မဝါ-စာလုံးကြီးနှင့်အသေး
# အလိုရှိရာရနိုင်ပါသည်။

၁။ စာမျက်နှာ ၈၄၆ ရှိသောဋီကာကျော်- ဂဏ္ဌိသစ် ကျမ်းကြီးရိုက်ပြီး။

၂။ သာဂရာတိုက်ဆ(ဓမ္မာစရိယအသျှင်)စီစဉ်ရေးသား သောပထမပြန် ဝိနယကျမ်းကြီးရိုက်နိုင်နေပါပြီ၊

၃။ မယ်ဒေဝလင်္ကာသစ်

၄။ ဇိနတ္ထပကာသနီ ရုပ်ပုံပါသည်။

၅။ ဦးပညာဝံသ-စီစဉ်ထားသော ရော်းရေးသညာ တွက်ပုံစာ။

၆။ ကောဝိဒဒေသနာ- နိဂြောဓဝရုံယာပီလှဲ တရားစာ

၇။ သာသနမဏ္ဍိုင်ဝတ်ရွတ်စဉ်

၈။ မင်္ဂလာသာရဒီပနီ

၉။ လောကီမှတ်ပုံ-နည်းမျိုးစုံ

၁၀။ စကားပုံပေါင်းချုပ်အမျိုးမျိုး။

၁၁။ ကုန်သည် ပညာတွက်ပုံစာ-အဘိုး ၃ိ-

ံသာနှ-ဦးပျိုး-သား-မောင်သိန်း။

သင်္ကန်းပရိက္ခရာနှင့် ကျမ်းစာအုပ်အမျိုးမျိုးဆိုင်ကြီး
ရွှေတိဂုံဘုရား ကြီးရှေ့တော်ရှိ ရန်ကုန်မြို့။